# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 22 , 2022 Volume 51, Number 16


| ၂၂.၂.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၇၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၉.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၈၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြေထောက်ပဲဈေးကွက် ယခင်နှစ်ထက် ပိုမိုဈေးကောင်းသဖြင့် ပဲထွက်အားကောင်းသည့် တောင်သူများအဆင်ပြေ




ရောဝတီမြစ်တစ်လျှောက် ကျွန်းစိုက်ခင်းများမှထွက်ရှိသည့် မြေထောက်ပဲများ ဈေးကောင်းရသဖြင့် အထွက်နှုန်းကောင်းသည့် စိုက်ပျိုးသူများ အဆင်ပြေလာကြောင်း သိရသည်။

မြေထောက်ပဲများမှာ ကျွန်းစိုက်ခင်းများမှ အများဆုံးထွက်ရှိပြီး ရွှေကူ၊ တကောင်းဒေသမှ ထွက်ရှိသည့် မြေထောက်ပဲများမှာ အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

တကောင်းဒေသရှိ ကျွန်းစိုက်ခင်းများတွင် မြေထောက်ပဲကို သုညဒသမ ၇၅ ဧကအကျယ်များတွင် အကန့်လိုက်စိုက်ပျိုးကြရာ ယခုနှစ်တွင် မြေထောက်ပဲ ၂၀ တင်းကျော် ထွက်ရှိသဖြင့် ယခုနှစ်ပေါက်ဈေးအရ သုံးတင်းဝင်တစ်အိတ်ကျပ် ၁၄၂,၀၀၀ ပေါက်ဈေးရှိသဖြင့် ကျပ် ၁၀ သိန်းနီးပါး ဝင်ငွေရရှိကြကြောင်းသိရသည်။

ယခုနှစ်တွင် ပိုးမွှားကျရောက်မှုနည်းခြင်း၊ ရာသီဥတုမျှတခြင်းတို့ကြောင့် စိုက်ပျိုးမှုအများစုမှာ ပဲအထွက်နှုန်း ကောင်းမွန်ကြကြောင်း မြေထောက်ပဲပေါက်ဈေးမှာလည်း ယခင်နှစ်ထက် တစ်အိတ်ကျပ် ၂၀,၀၀၀ ကျော် ဈေးပိုမိုရရှိကြောင်း တကောင်းမြို့မှ မြေထောက်ပဲစိုက်တောင်သူ ကိုလင်းနိုင်ကပြောသည်။

“ဒီနှစ်အထွက်နှုန်း ကောင်းကြတယ်။ ကျွန်းစိုက်ခင်းတွေက တစ်ကန့်ကို မြေထောက်ပဲ သုံးတင်းအိတ် ၇ အိတ် ထွက်ပါတယ်။ ၁၀ သိန်း နီးပါးရကြတယ်။ အစောပိုင်းရက်တွေမှာတော့ ဈေးကျနေတာက ပြန်ကောင်းလာတာပါ။ ဒီနှစ် တောင်သူတွေ ဈေးပိုရလာပါတယ်။ ရာသီဥတုလေးကောင်းတော့ အထွက်နှုန်းကောင်း၊ ဈေးလည်းကောင်းတော့ တောင်သူတွေ အဆင်ပြေတဲ့နှစ်လို့ ပြောလို့ရပါတယ် ”ဟု ၎င်းကပြောသည်။

တင်ပို့စရိတ်များ၊ လုပ်သားခများလည်း ဈေးမြင့်တက်သော်လည်း အထွက်နှုန်းကောင်းသည့် တောင်သူများအတွက် မြေထောက်ပဲဈေးကောင်းခြင်းကြောင့် ယခင်နှစ်ထက် ပိုမိုအဆင်ပြေလာကြောင်း ရွှေကူမြို့မှ ပဲကုန်သည် ကိုမြင့်နိုင်ကပြောသည်။ “ပဲဈေးတွေကောင်းသလို တင်ပို့မှုစရိတ်တွေလည်း မြင့်လာတယ်။ လက်ရှိမှာ ရွှေကူဒေသကနေ မန္တလေးဈေးကွက်ကို နေ့ချင်းပေါက်မရောက်တော့ဘူး။ စက်သုံးဆီဈေးတွေမြင့်တော့ ကားခတွေဆိုရင်လည်း မနှစ်က နှမ်းတစ်အိတ် ကျပ် ၂,၀၀၀ ကနေ ကျပ် ၂,၅၀၀ ၊ ပဲအိတ်ဆိုရင် ကျပ် ၂,၅၀၀ ကနေ ကျပ် ၃,၀၀၀ ဈေးတက်ပါတယ်။ လက်ရှိမှာတော့

ပဲအထွက်နှုန်းကောင်းတဲ့သူကောင်းကြပါတယ်။ တစ်နယ်လုံးဆိုရင် ပုံမှန်ပဲအထွက်နှုန်းအတိုင်းထွက်ကြပါ တယ်။ မြေထောက်ပဲ စတင်ထွက်လာချိန် ဈေးကျဆင်းမှုရှိခဲ့ပေမယ့် ဖေဖော်ဝါရီ ၁၅ ရက်နောက်ပိုင်းမှာ ဈေးပြန်တက်လာ ခဲ့ပါ တယ်” ဟု ၎င်းကပြောသည်။

ယခင်နှစ်က ရွှေကူ၊ တကောင်းဒေသမှ မြေထောက်ပဲကို မန္တလေးဈေးကွက်နှင့် လွယ်ဂျယ်ဂိတ်မှတဆင့် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့မှုများရှိခဲ့သော်လည်း ယခုနှစ်တွင် မန္တလေးဈေးကွက်ကိုသာ တင်ပို့နေကြောင်းသိရသည်။ မြေထောက်ပဲမှာ နှစ်စဉ် ဖေဖော်ဝါလဆန်းပိုင်းမှ မတ်လကုန်ထိထွက်ရှိပြီး ဖေဖော်ဝါရီ ၂၁ ရက်က မြေထောက်ပဲမှာ အရည်အသွေးအလိုက် ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ် ကျပ် ၁၃၂,၀၀၀၊ ၁၃၈,၀၀၀၊ ၁၄၀,၀၀၀၊ ၁၄၂,၀၀၀ အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## စည်းကြပ်မှုမှ ကင်းလွတ်သောငွေများအတွက် မတ်လကုန်တွင် အခွန်သက်သာခွင့်ကုန်ဆုံးမည်

ကိုဗစ်(၁၉)ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်လာနိုင်ရေး အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေတွင် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေများအတွက် သက်ညှာသောအခွန်နှုန်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းမှာ ယခု ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက အသိပေးကြေညာထားသည်။

ဥပဒေအရ သက်ညှာပေးသောအခွန်နှုန်းထားနှင့် ဝင်ငွေအလွှာသတ်မှတ်ချက်တို့သည် ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ)အရ ယခုနှစ် မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်၍ လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

အဆိုပါ ၂၀၂၁ ခုနှစ် အခွန်ကောက်ဥပဒေအပိုဒ် ၂၅ ၊ ပုဒ်မခွဲ(ဂ) ကို ပြန်လည်ပြင်ဆင်သည့် ဥပဒေတစ်ရပ်ကို ပြည်တွင်း အခွန်များ ဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ထပ်မံပြဋ္ဌာန်းခဲ့ရာ စည်းကြပ်မှုမှ လွတ်ကင်းနေသော ငွေကြေးသိန်း ၃၀၀၀ အထိ ကို ယခင် ၅ ရာခိုင်နှုန်းအစား ယခု ၃ ရာခိုင်နှုန်းသာ အခွန်ကျသင့်တော့မည်ဖြစ်ကြောင်းသိရသည်။
ယခင်က ငွေကျပ်သိန်း ၁၀၀၀ အထိကို အခွန် ၃ ရာခိုင်နှုန်း၊ ငွေကျပ် သိန်း ၁၀၀၀ မှ သိန်း ၃၀၀၀ အထိကို အခွန် ၅ ရာခိုင်နှုန်း၊ ငွေကျပ် သိန်း ၃၀၀၀ မှ သိန်း ၁၀၀၀၀ အထက်ကိုအခွန် ၃၀ ရာခိုင်နှုန်း သတ်မှတ်ထားသည်။

စည်းကြပ်မှုမှ လွတ်ကင်းသော ဝင်ငွေဆိုသည်မှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်၍ ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ အပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း သတ်မှတ်ထား သည့် နှုန်းထားများအတိုင်း ဝင်ငွေခွန်စည်းကြပ်သည့်ငွေဖြစ်ကာ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့် လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရသည့် ငွေဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ပြည်တွင်းစားသုံးမှုမြင့်မားခြင်းကြောင့် ကုလားပဲအုပ်စုဝင်ပဲများ ဈေးကောင်းရရှိနေ




ပြည်တွင်းစားသုံးမှုမြင့်မားလာခြင်းကြောင့် ကုလားပဲအုပ်စုဝင်ပဲများ မန္တလေး ဈေးကွက်အတွင်းသို့ နယ်စုံမှလှိုင်လှိုင်ဝင်ရောက်လာနေပြီး ဈေးကောင်းလည်းရရှိ နေကြောင်း မန္တလေးပဲကုန်သည်များထံက သိရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တ ရာ၊ စဉ့်ကူး၊ စစ်ကိုင်း၊ မြင်းမူ၊ မုံရွာစသည့်နယ်များမှ လှိုင်လှိုင်ဝင်ရောက်လာနေပြီး ပြီးခဲ့သည့်နှစ် ကာလတူ ကုလားပဲသုံးတင်းဝင်တစ်အိတ် ကျပ် ၈၀,၀၀၀ ဈေးရှိခဲ့သော်လည်း၊ ယခု

နှစ်တွင် ကျပ် ၁၁၆,၀၀၀ ထိပေါက်ဈေးရှိကာ ဈေးကောင်းနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ကုလားပဲက မြန်မာလူမျိုးတွေရဲ့ ကြိုက်နှစ်သက်ဆုံးပဲ ဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ ခုချိန်မှာ ကုလားပဲကို ပြည်တွင်းစားသုံးမှုအနေနဲ့ မန္တလေးမှာ စက်တွေအားလုံးနီးပါး လည်ပတ်နေရပါတယ်။ အလုပ်သမားတွေလည်း အလုပ်အကိုင်တွေရရှိနေတယ်။ ကုလားပဲကို သိုလှောင်သမားတွေလည်း ဝယ်ကြတယ်။ အိန္ဒိယဝယ်လက်တွေကလည်း ဝယ်ယူနေကြပါတယ်။ ဒီနှစ်အဖို့ ရာသီဥတုကောင်းမွန်တယ်။ ပိုးမွှားဖျက်ဆီးမှုကလည်း ကင်းရှင်းတဲ့အတွက် ကုလားပဲအထွက်နှုန်းကလည်း တိုးတယ်။ ကုလားပဲအထွက်နှုန်းဟာ ၂၀၂၁ ခုနှစ်ထက် ၁၀ ရာခိုင် နှုန်းတိုးထွက်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းကပြောသည်။

ကုလားပဲကို တစ်နှစ်လျှင်တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကာ အထက်အညာဒေသ တိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးကြပြီး၊ အောက်ပိုင်းဒေသများတွင်မူ ဟင်္သာတနှင့် ပဲခူးဒေသတစ်ဝိုက်တို့တွင်လည်း အနည်းငယ်စိုက်ပျိုးကြကြောင်းသိရသည်။ ကုလားပဲအုပ်စုအနေဖြင့် ဗမာကုလားပဲ၊ ထိုင်ဝမ်ကုလားပဲ၊ V2၊ V7၊ 929 စသည်ဖြင့် အမျိုးအစားများရှိသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိကာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းမှ တစ်ဆင့် ရော်ဘာတန်ချိန် ၉၉၃၀ ခန့်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ အများဆုံးဖြစ်



https://news-eleven.com/article/226151

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၄ ဒသမ ၈၆၃ သန်းခန့်ရှိသည့် ရော်ဘာတန်ချိန် ၉၉၃၀ ခန့် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါကာလအတွင်း ရော်ဘာတင်ပို့ခဲ့သည့်နိုင်ငံများမှာ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၁၀၀ ကျော်၊ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၀၇၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၆၆၀ ခန့်နှင့် ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၈၀ ကျော် စုစုပေါင်းတန်ချိန် ၉၉၃၀ ခန့်တင်ပို့ကြောင်း သိရသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စုစုပေါင်းရော်ဘာတင်ပို့မှုတန်ချိန် ၃၅၀၀ ကျော်ပိုမိုပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ငါးသန်းကျော်ပိုမိုရရှိခဲ့ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ၁၂ ဒသမ ၇၄၈ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၇၂၀ ကျော်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရသိရသည်။ ပြည်ပသို့ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၅၈၇၅ ခန့်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၅၁၀ ကျော်၊ ထိုင်ဝမ်နိုင်ငံသို့ရော်ဘာတန်ချိန် ၁၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ခန့်နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ရ၀ကျော်၊ သီရိလင်္ကာသို့ ရော်ဘာတန်ချိန် ၆၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ရော်ဘာတန်ချိန် ၇၅၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း ရော်ဘာတန်ချိန် ၁၄၀ ကျော်တင်ပို့ခဲ့သည်။ စုစုပေါင်းရော်ဘာတင်ပို့မှုတန်ချိန် ၉၆၁၀ ကျော် တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၈၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာ

တန်ချိန်စုစုပေါင်း နှစ်သိန်း၀န်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်သည်။ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့်ရော်ဘာကို တရုတ်ကို အဓိက တင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်ရန်အတွက် Supply Chain တစ်လျှောက်ပါ၀င်ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာနမှ သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက်ပါ၀င်ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်းအဖြေရှာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/226151

## ပို့ကုန်ကဏ္ဍတိုးတက်လာခြင်းနှင့် ကန့်သတ်ချက်များဖြေလျှော့မှုတို့ကြောင့် ၂၀၂၁ ခုနှစ် စတုတ္ထသုံးလပတ်တွင် ထိုင်းနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာခဲ့

ပို့ကုန်ကဏ္ဍတိုးတက်လာမှုနှင့် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးမှုကြောင့် ပြည်ပမှ ခရီးသွားများ ပြန်လည်ဝင်ရောက်လာမှုနှင့်အတူ ထိုင်းနိုင်ငံ၏စီးပွားရေးသည် ယမန်နှစ် စတုတ္ထသုံးလပတ်တွင် ပြန်လည်ဦးမော့လာခဲ့သည်ဟု အဆင့်မြင့်အစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု၏ သက်ရောက်မှုမှာ အကန့်အသတ်သာရှိခြင်း၊ ပြည်တွင်းဝယ်လိုအား ပိုမိုအားကောင်းလာခြင်း၊ ခရီးသွားလုပ်ငန်း နာလန်ပြန်ထူလာခြင်းနှင့် ပို့ကုန်လုပ်ငန်းနှင့် အများပြည်သူရင်းနှီးမြှုပ်နှံမှုများမှ အထောက်အပံ့များ ဆက်လက်ရရှိနေခြင်းတို့ကြောင့် ထိုင်းအစိုးရသည် စီးပွားရေးတိုးတက်မှု အလားအလာမျှော်မှန်းချက်ကို ၃.၅ ရာခိုင်နှုန်းမှ ၄.၅ ရာခိုင်နှုန်းအထိ ဆက်လက်ထားရှိခဲ့သည်။

အရှေ့တောင်အာရှ၏ ဒုတိယစီးပွားရေးအင်အားအကြီးဆုံး ထိုင်းနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် ၆.၁ ရာခိုင်နှုန်း စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် တွင် ၁.၆ ရာခိုင်နှုန်းတိုးတက်မှု ပြန်လည်ရရှိခဲ့သည်ဟု သိရသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ဒီဇင်ဘာသုံးလပတ်ကာလတွင် ယခင်သုံးလပတ်ထက် ၁.၈ ရာခိုင်နှုန်း အတက်ရှိခဲ့သည်ဟု အမျိုးသားစီးပွားရေးနှင့် လူမှုဘဝတိုးတက်ရေးဆိုင်ရာကောင်စီမှ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရသိရသည်။ ယင်းသည် ရိုက်တာ သတင်းဌာန၏လေ့လာဆန်းစစ်မှုအရ ၁.၄ ရာခိုင်နှုန်း တိုးတက်မှု ရရှိနိုင်သည်ဟု ခန့်မှန်းထားသည်ထက် သာလွန်နေသကဲ့သို့ တတိယသုံးလပတ်တွင် ၀.၉ ရာခိုင်နှုန်းအကျရှိခဲ့ဟု ပြင်ဆင်ထုတ်ပြန် ခဲ့ပြီးနောက်တွင် ယင်းကဲ့သို့တိုးတက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) သည်လည်း အောက်တိုဘာလမှဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၀.၇ ရာခိုင်နှုန်း တိုးတက်မှုရရှိမည်ဟု ကနဦးခန့်မှန်းထားသည်ထက် ကျော်လွန်သွားခဲ့သည်။ ယခင်သုံးလတွင်မူ ၀.၂ ရာခိုင်နှုန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့သည်။ ထိုင်းအစိုးရသည် ယခုလအတွင်း နိုင်ငံအတွက် အရေးပါလှသည့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းမှုအဖြစ် ပြည်ပခရီးသွားများအတွက် ကွာရန်တင်းကင်းလွတ်ခွင့်ပြုသည့် အစီအစဉ်ကို ပြန်လည်စတင်ခဲ့သည်။ ပျမ်းမျှအားဖြင့် ခရီးသွားလုပ်ငန်းသည် ထိုင်းဂျီဒီပီ၏ ၁၂ ရာခိုင်နှုန်းခန့် ရှိနေသည်။

ထိုင်းစီးပွားရေးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် ပို့ကုန်လုပ်ငန်းသည် ဒီဇင်ဘာသုံးလပတ်ကာလတွင် ယမန်နှစ်ကာလတူထက် ၂၁.၃ ရာခိုင်နှုန်း ခုန်တက်လာခဲ့ပြီး ပုဂ္ဂလိကစားသုံးမှုကဏ္ဍတွင်လည်း ၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၂၁ ခုနှစ်၏ တတိယသုံးလပတ်ကာလတွင် လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဦးရေ ၄၅၀၀၀ ရှိခဲ့ရာမှာ စတုတ္ထသုံးလပတ်တွင် ၃၄၀၀၀၀ ခန့် ဝင်ရောက်ခဲ့သည်ဟု သိရသည်။ ၂၀၂၂ ခုနှစ်တွင်မူ ပြည်ပခရီးသွား ၅.၅ သန်းခန့် ဝင်ရောက်ဖွယ်ရှိကြောင်း နိုင်ငံတော်စီမံကိန်းဌာနက ခန့်မှန်းထားကာ ပြီးခဲ့သည့် နို၀င်ဘာလက ခန့်မှန်းခဲ့သည့်ပမာဏထက် တိုးမြှင့်ခန့်မှန်းခဲ့သည်။

**Source:** https://news-eleven.com/article/226155

## တရုတ်နှစ်သစ်ကူးအလွန် ယခုအပတ် ဗီယက်နမ်ဆန်ဈေး မြင့်တက်လာပြီး အိန္ဒိယဆန်ဝယ်လက်များ မြန်မာ၊ ပါကစ္စတန်ဆန်ကို ပြောင်းဝယ်လာကြ

တရုတ်နှစ်သစ်ကူး အလွန်ကာလမှာ ဆန်အရောင်းအဝယ် ပြန်တက်လာပြန်တာကြောင့် ယခုအပတ်အတွင်း ဗီယက်နမ်ကနေ တင်ပို့တဲ့ဆန်ဈေးတွေ နှစ်လအတွင်း အမြင့်ဆုံးကို ရောက်ရှိလာပါတယ်။ အိန္ဒိယဆန်အပေါ်မှာတော့ ဝယ်လိုအား နည်းနေတာကြောင့် ဆန်ဈေးဟာ တစ်လအတွင်း အနိမ့်ဆုံးအခြေအနေမှာ ဆက်ရှိနေပါတယ်။

ဗီယက်နမ် ၄ိုးမှတ်ဆန်ဈေးဟာ ပြီးခဲ့တဲ့ကြာသပတေးနေ့တုန်းက တစ်တန်ကို ကန်ဒေါ်လာ ၄၀၀ ရှိခဲ့ရာ ဒီဇင်ဘာလလယ် နောက်ပိုင်း အမြင့်ဆုံးဖြစ်သလို ယခင်အပတ်က ပေါက်ဈေး ၃၉၅ ဒေါ်လာထက် မြင့်တက်လာတာဖြစ်ပါတယ်။ "တရုတ်နှစ်သစ်ကူးကာလအပြီး အရောင်းအဝယ်ပြန်စလာတာကြောင့် ဈေးအနည်းငယ်တက်သွားတာပါ။ ဝယ်လိုအားကလည်း မြင့်တက်နေပုံရပါတယ်" လို့ ဟိုချီမင်းစီးတီးမြို့အခြေစိုက် ကုန်သည်တစ်ယောက်ကပြောပါတယ်။ ဗီယက်နမ်မှာ မကြာခင် နွေဦးစပါး ပေါ်လုပေါ်ဆဲအခြေအနေမှာ ကုန်သည်တွေဟာ လယ်သမားတွေဆီက ဆန်ကို အထိုက်အလျောက်ဝယ်ယူလျက်ရှိတယ်လို့ ၎င်းကုန်သည်ကပြောပါတယ်။

တောင်ကိုးရီးယားအစိုးရလက်အောက်ရှိ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနဲ့ အစားအသောက်ကုန်သွယ်ရေးကော်ပိုရေးရှင်းကနေ ဆန်တန်ချိန် ၇၂၀၀၀ ဝန်းကျင် တင်ဒါထုတ်ပြန်ဝယ်ယူမှာကို ဝင်ရောက်ယှဉ်ပြိုင်သွားမယ်လို့ ဗီယက်နမ်ကုန်သည်အချို့က ပြောပါတယ်။ ဆန်တင်ပို့မှု ထိပ်ဆုံးနေရာမှာရှိနေတဲ့ အိန္ဒိယနိုင်ငံရဲ့ ၄ိုးမှတ် ပေါင်းဆန်ဈေးနှုန်းကတော့ ၃၆၈ နဲ့ ၃၇၄ ဒေါ်လာကြားမှာ မပြောင်းမလဲရှိနေပါတယ်။ အဓိကဝယ်လက်နိုင်ငံတွေဆီက ဝယ်လိုအား တုံ့ဆိုင်းနေတာကြောင့် ဆန်ဈေးဟာ တစ်လကျော် အတွင်း အနိမ့်ဆုံးမှာပဲ ဆက်ရှိနေတာပါ။ "ဆန်ဖြူဝယ်လက်တွေက ဈေးပိုသက်သာတဲ့ မြန်မာနဲ့ပါကစ္စတန်ဘက်ကို ပြောင်းဝယ်နေကြတယ်" လို့ နိုင်ငံရပ်ခြားကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုနဲ့ အလုပ်လုပ်နေတဲ့ မွန်ဘိုင်းမြို့အခြေစိုက် အိန္ဒိယကုန်သည်တစ်ဦးကပြောပါတယ်။

အိန္ဒိယလယ်သမားတွေဟာ ယခုနှစ်မှာ ဆန်စပါးတန်ချိန် ၁၂၇ ဒသမ ၉၃ သန်းအထိ စံချိန်တင်ရိတ်သိမ်းရဖို့ ရှိပါတယ်။ ယခင်နှစ်က ထုတ်လုပ်မှုကတော့ တန်ချိန် ၁၂၄ ဒသမ ၃၇ သန်းရှိခဲ့တာပါ။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတော့ ရာသီဥတုအခြေအနေပေးပြီး ဆန်ဈေးတက်နေချိန်မှာ လယ်သမားတွေက မိုးကောင်းသောက်စပါးစိုက်ကာ တိုးမြှင့်ခဲ့ကြတာကြောင့် ယခုနှစ်အထွက်နှုန်းဟာ တန်ချိန် ၁၅ သန်းအထိ မြင့်တက်လာဖို့ရှိတယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ သီးနှံအထွက်ကောင်းပြီး အရန်ဆန် အများအပြား ရှိနေတဲ့တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ပြည်တွင်းဆန်ဈေးမြင့်တက်မှု ပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ ၄ိုးမှတ်ပေါင်းဆန်ဈေးကတော့ ယခင်အပတ်က တစ်တန်ကို ၄၀၇-၄၁၅ ဒေါ်လာကြားရှိခဲ့ရာကနေ ဒီတစ်ပတ်မှာ ၄၁၀-၄၂၀ ဒေါ်လာထိ မြင့်တက်လာပါတယ်။ ဘတ်ငွေဈေးဟာ ဖေဖော်ဝါရီလ ၁၁ ရက်နဲ့ ပြီးခဲ့တဲ့ ကြာသပတေးနေ့အထိကြားကာလအတွင်း အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် ၁ ဒသမ ၇ ရာခိုင်နှုန်း တန်ဖိုးတက်ခဲ့တာကြောင့် ဆန်ဈေးမြင့်တက်လာရတာလို့ ထိုင်းကုန်သည်တွေက ပြောပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_International_Market

## ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ အရေးယူမှု၏ဆိုးကျိုးများကို ရင်ဆိုင်လာရနိုင်

ယူကရိန်းနိုင်ငံမှ ခွဲထွက်သည့်ဒေသနှစ်ခုသို့ ရုရှားကအသိအမှတ်ပြုပြီး ၎င်းတပ်ဖွဲ့များစေလွှတ်ပြီးနောက် အမေရိကန်၊ ယူကေနှင့်အနောက်မဟာမိတ်နိုင်ငံတစ်ချို့မှ ရုရှားနှင့်ယူကရိန်း ခွဲထွက်ဒေသနှစ်ခုအပေါ် အရေးယူမှုများ ဆောင်ရွက်လာကြသည့်အတွက် ရုရှားနှင့် ယူကရိန်း နိုင်ငံတို့တွင် စီးပွားရေးဆောင်ရွက်လျက်ရှိသည့် အနောက်နိုင်ငံများ၏ ကုမ္ပဏီကြီးများသည် အဆိုပါ အရေးယူမှုများ ၏ ဆိုးကျိုးသက်ရောက်မှုကို ကြုံတွေ့လာရမည့်အခြေအနေအား ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ၂၃-၂-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်ဥရောပနိုင်ငံများသည် ၂၂-၂-၂၀၂၂ ရက်နေ့တွင် ရုရှားနိုင်ငံအပေါ် အရေးယူမှုများ ဆောင်ရွက်ခဲ့ကြကြောင်း၊ နောင်တွင် ရုရှား၏ကုမ္ပဏီကြီးများနှင့် စီးပွားရေးလုပ်ငန်းများအပေါ်လည်း အရေးယူမှုများ ချမှတ်လာနိုင်ကြောင်း၊ ယင်းကဲ့သို့ အရေးယူဆောင်ရွက်မှုများသည် ရုရှားကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံစုံပါဝင်သည့်ကုမ္ပဏီကြီးများနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ရှုတ်ထွေးလာနိုင်ကြောင်း၊ ရုရှားနိုင်ငံတွင် BP PLC, Exxon Mobil Corp. နှင့် Shell PLC အပါအဝင် လောင်စာဆီကုမ္ပဏီကြီးများ၊ Carlsberg CABGY အပါအဝင် အဖျော်၊ ယမကာကုမ္ပဏီကြီးများနှင့် Renault SA RNO အပါအဝင် မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီကြီးများ ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်လျက်ရှိကြကြောင်း၊ Jeep၊ Dodge နှင့် Peugeot အမှတ်တံဆိပ်ဖြင့် မော်တော်ကားများ ထုတ်လုပ်လျက်ရှိသည့် Stellantis STLA ၏ အမှုဆောင်အရာရှိချုပ်က အနောက်နိုင်ငံများ၏ စီးပွားရေးအရေးယူမှုကြောင့် ၎င်းတို့လုပ်ငန်းများ ထိခိုက်လာပါက ရုရှားနိုင်ငံတွင် ၎င်းတို့၏ မော်တော်ကားထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ လျှော့ချထုတ်လုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Citigroup Inc. နှင့် JPMorgan Chase & Co., အပါအဝင် အနောက်ဥရောပနိုင်ငံများ၏ဘဏ်များ ရုရှားနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဘဏ်များမှ ချေးငွေရယူထားသည့်လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များကို အရေးယူပါက အဆိုပါဘဏ်များအနေနှင့် အရေးယူခံရသည့်လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များနှင့်ဆက်ဆံရေး အလျင်အမြန်ဖြတ်တောက် သွားရမည်ဖြစ်၍ ထိခိုက်နစ်နာမှုရှိမည်ဖြစ်ကြောင်း၊ ယခုချိန်ခါထိ အမေရိကန်၊ ယူကေနှင့်ဥရောပနိုင်ငံများ၏ အရေးယူမှုများသည် ရုရှားဘဏ်သေးများနှင့် လူပုဂ္ဂိုလ်အနည်းငယ်ကိုကာ အကန့်အသတ်ဖြင့် အရေးယူခဲ့ကြောင်း ဖော်ပြထားပါသည်။

ယူကရိန်းနိုင်ငံတွင် နိုင်ငံ၏အကြီးဆုံးသံမဏိစက်ရုံဖြစ်သည့် ArcelorMittal တွင် လုပ်သားနှင့် ကန်ထရိုက်ဆောင်ရွက်သူ ၂၉,၀၀၀ဦး ဖြင့် လည်ပတ်လျက်ရှိကြောင်း၊ လက်ရှိတွင် စက်ရုံတိုးတက်စေရန် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ယခုလအစောပိုင်းက ArcelorMittal အနေဖြင့် ယူကရိန်းတွင် အခြေအနေပိုဆိုးလာပါက အရေးပေါ် အစီအစဉ်အား ပြောင်းလဲဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ကြောင်း၊ ထို့ပြင် ယူကရိန်းတွင် French food and drink giant Danone SA မှ စက်ရုံ (၂) ရုံ၊ British American Tobacco PLC မှ စက်ရုံတစ်ရုံ၊ CRH PLC စသည့် ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီကြီးမှ စက်ရုံ (၅) ရုံတို့ ရင်းနှီး၊ လည်ပတ်လျက်ရှိကြောင်း၊ ထို့ပြင် အခြားသော နယူးယောက်အခြေစိုက် အစု ရှယ်ယာလုပ်ငန်းများ၊ စိုက်ပျိုးရေးကုမ္ပဏီများလည်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနှင့်ယူကရိန်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းဆောင်ရွက်လျက်ရှိကြသည့် ကုမ္ပဏီကြီးများ၊ လုပ်ငန်းအများစုသည် ရုရှားနှင့်ယူကရိန်းအခြေအနေ နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာမှတ်ချက်ပြုခြင်းကို ငြင်းဆိုလျက်ရှိကာ အခြေအနေပိုမို တင်းမာလာပါက ၎င်းတို့ထုတ်လုပ်မှုအား ကန့်သတ်၊ လျှော့ချခြင်းသော်လည်းကောင်း၊ အခြားစက်ရုံသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းသော်လည်းကောင်း ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ကြုံတွေ့လာရနိုင်သည့် အခြေအနေအတွက် ပြင်ဆင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.wsj.com/articles/ukraine-crisis-has-big-western-businesses-girding-for-fallout-from-sanctions-11645619447?mod=business_lead_pos1

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ငွေကြေးဖောင်းပွမှုခန့်မှန်းချက်အား ၄.၉ ရာခိုင်နှုန်းမှ ၅.၆ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်း



Photo: Fortaleza-CE Prefecture

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သည့် ဘရာဇီးလ်အသုံးချစီးပွားရေးသုတေသနဌာန(Institute of Applied Economic Research -Ipea)၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဘရာဇီးလ်နိုင်ငံ၏ စားသုံးသူဆန္ဒနှုန်းကိန်း(Broad Consumer Price Index - IPCA)အား ၄.၉ ရာခိုင်နှုန်းအထိဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းခဲ့သော်လည်း ပြည်တွင်းငွေတန်ဖိုး ကျဆင်းနေမှုအခြေနေများအရ စားသုံးသူဆန္ဒနှုန်းကိန်းအား ၅.၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်မှန်းခဲ့သဖြင့် အစိုးရငွေကြေးကောင်စီက

အမြင့်ဆုံး ဖြစ်ပေါ်ရန်မျှော်မှန်းထားသည့် ၅ ရာခိုင်နှုန်းအမှတ်အား ကျော်လွန်သွားခဲ့ကြောင်း ဘရာဇီးလ်အသုံးချစီးပွားရေး သုတေသနဌာန(Institute of Applied Economic Research – Ipea)၏ ဖေဖော်ဝါရီလ ၂၂ ရက်နေ့သတင်းတွင် ဖော်ပြထား သည်။

ဘရာဇီးလ်နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်း၊ ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် အခက်အခဲ အတားအဆီးများဖြစ်ပေါ်နေခြင်း၊ ကုန်ထုတ်လုပ်နိုင်မှုပမာဏကျဆင်းခြင်းနှင့် စိုက်ပျိုးရေးအဓိကလုပ်ကိုင်သည့် ပြည်နယ် အချို့ တွင် ရာသီဥတုဖောက်ပြန်မှုအခြေအနေများ ဖြစ်ပေါ်နေမှုတို့ကြောင့် ၂၀၂၂ ခုနှစ်အတွက် စားသုံးသူဆနှုန်းကိန်းသည် တိုးမြင့် ခန့်မှန်းထားသည့်အမှတ်သို့ ရောက်ရှိနိုင်ကြောင်း Ipea ၏သတင်းတွင် ဖော်ပြထားသည်။

အိမ်ထောင်စုများအတွက်မရှိမဖြစ်လိုအပ်သည့် အခြေခံစားသောက်ကုန်နှင့် အစိုးရမှ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည့် စားသုံးကုန်ပစ္စည်းဈေးနှုန်းများအပေါ် သုတေသနပြုလေ့လာသုံးသပ်ချက်အရ စားသုံးသူဆနှုန်းကိန်းသည် ၄.၅ ရာခိုင်နှုန်း၊ ၅.၄ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းတို့အထိ မြင့်တက်လာနိုင်ကြောင်း ငွေကြေးဆိုင်ရာသုတေသနအဖွဲ့များက ခန့်မှန်းချက်များထုတ်ပြန် ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အစိုးရက အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည့် ပညာရေးနှင့်အခြားဝန်ဆောင်မှုကဏ္ဍများတွင် စားသုံးသူဆနှုန်း ကိန်းသည် မူလခန့်မှန်းချက်များဖြစ်သည့် ၅.၂ ရာခိုင်နှုန်းနှင့် ၇.၉ ရာခိုင် နှုန်းတို့တွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းကဏ္ဍ များတွင် ပြည်တွင်းစားသုံးမှုဖူလုံလျက်ရှိနေကြောင်း၊ ထို့အပြင် နိုင်ငံအတွင်းအလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့တွင် တိုးတက်မှုများရှိနေကြောင်း Ipea ၏သတင်းတွင် ဖော်ပြထားသည်။

အမျိုးသားစားသုံးသူဆနှုန်းကိန်းခန့်မှန်းချက်သည် ၄.၆ ရာခိုင်နှုန်းမှ ၅.၅ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း Ipea က ခန့်မှန်းထားသည်။ ပြည်သူများအတွက် အခြေခံစားသောက်ကုန်နှင့် စက်မှုထုတ်ကုန်များတွင် စားသုံးသူဆနှုန်းကိန်းသည် ၄.၅ ရာခိုင်နှုန်း၊ ၄.၉ ရာခိုင်နှုန်းနှင့် ၆.၄ ရာခိုင်နှုန်း တို့အထိဖြစ်ပေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ငွေကြေးဖောင်းပွမှု ဆက်လက်ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်နှင့်လောင်စာဆီဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် မတ်လကာလအတွင်း စားသောက် ကုန်ဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း Ipea ၏ သတင်းတွင်ဖော်ပြထားသည်။

လက်တလောကာလသည် ရုရှားနိုင်ငံနှင့်ယူကရိန်းနိုင်ငံအကြားတွင် နိုင်ငံရေးတင်းမာမှုများ ပြင်းထန်စွာ ဖြစ်ပေါ်နေ မှုကြောင့် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အပြင် ဘရာဇီးလ်အစိုးရ၏ ပြည်တွင်းအခွန် အကောက်မူဝါဒ မတည်ငြိမ်မှုနှင့် အစိုးရရွေးကောက်ပွဲကျင်းပမည့်ကာလတို့နှင့် တိုက်ဆိုင်လျက်ရှိနေသဖြင့် ပြည်တွင်းငွေကြေး ဈေးကွက်အပေါ် တွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။

**Source:** canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး–မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## အိန္ဒိယနှင့်အာရပ်စော်ဘွားများပြည်ထောင်စုတို့ ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက်လက်မှတ်ရေးထိုးခြင်း

အိန္ဒိယနိုင်ငံမှ ဝန်ကြီးချုပ်နာရင်ဒရာမိုဒီနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ အိမ်ရှေ့မင်းသား ရှိတ်မိုဟာမက်ဘင်ဇေယက်အယ်လ်နာရန်တို့ တက်ရောက်သည့် နှစ်နိုင်ငံအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညီလာခံ ဆွေးနွေးပွဲကို ၁၈-၂-၂၀၂၂ နေ့၌ ဗွီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပမှုနှင့်အတူ နှစ်နိုင်ငံ ဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက် (India – UAE Comprehensive Economic Partnership Agreement) ကို အိန္ဒိယကူးသန်းရောင်း ဝယ်ရေးနှင့်စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု စီးပွားရေးဝန်ကြီး အဘ်ဒူလာဘင်တော့ အယ်လ်မာရီတို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါညီလာခံဆွေးနွေးပွဲ၌ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက နှစ်နိုင်ငံဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု (CEPA) လက်မှတ်ရေးထိုးနိုင်မှုအပေါ် ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် သဘောတူညီချက်အား အချိန် ၃ လ ထက်မပိုပဲ အပြီးသတ်ညှိနှိုင်းဆောင်ရွက်နိုင်မှုမှာ မှတ်တမ်းတင်ထိုက်သည့်အချက်ဖြစ်ကြောင်း၊ သာမန်အားဖြင့် ဘက်စုံ

စီးပွားရေးသဘောတူညီချက်များအတွက် အပြီးသတ်ညှိနှိုင်းမှုမှာ နှစ်ကာလကြာမြင့်လေ့ရှိကြောင်း၊ ယခု CEPA သည် နှစ်နိုင်ငံအကြားရှိ ယုံကြည်မှု၊ သဘောထားအမြင်ချင်းမျှဝေမှုနှင့် လေးနက်သည့်ချစ်ကြည်ရင်းနှီးမှုတို့ကို ထင်ဟပ်လျက်ရှိကြောင်း၊ ၎င်းအနေဖြင့် ဤသဘောတူညီချက်သည် နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုခေတ်သစ်ကို ဆောင်ကြဉ်းလျက် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံမှ ရှေ့လာမည့် ၅ နှစ်တာကာလအတွင်း ဒေါ်လာ ၁၀၀ ဘီလီယံအထိ တိုးတက်မှုရရှိစေမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

၁၉-၂-၂၀၂၂ နေ့ မွန်ဘိုင်းမြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အိန္ဒိယဝန်ကြီး ပီယွတ် ဂိုယယ်က စာမျက်နှာ ၈၈၀ ပါ သဘောတူညီချက်အား ၈၈ ရက်အတွင်း အပြီးသတ်ညှိနှိုင်း၍ လက်မှတ်ရေးထိုးနိုင်မှုသည် နှစ်နိုင်ငံလုံးအတွက် ကြီးမားသည့် စွမ်းဆောင်ချက်ပင်ဖြစ်ကြောင်း၊ ၎င်း CEPA သည် ဟန်ချက်ညီပြီး သင့်တင့်မျှတမှုရှိသော ဘက်စုံစီးပွားရေး သဘောတူညီချက်တစ်ရပ်ဖြစ်ကြောင်း၊ အိန္ဒိယ၏ ကုန်စည်နှင့်ဝန်ဆောင်မှု ထုတ်ကုန်များ ဈေးကွက်ဝင်ရောက်မှုကို တိုးတက် ကောင်းမွန်စေမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံသားများအတွက် ကဏ္ဍစုံ၌ အလုပ်အကိုင်ပေါင်း အနည်းဆုံး ၁၀ သိန်းကို ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် လုပ်သားအင်အားအခြေပြုသည့် အထည်အလိပ်၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ ဆေးဝါး၊ လယ်ယာထွက်ကုန်များ၊ ခြေနင်း အသုံးအဆောင်ပစ္စည်းများ၊ သားရေထည်၊ အားကစားပစ္စည်းများ၊ အင်ဂျင်နီယာထုတ်ကုန်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ပလတ်စတစ်ပစ္စည်းများအား ထုတ်လုပ်သည့်လုပ်ငန်းများသည် အကျိုးခံစားရမည်ဖြစ်ကြောင်း၊ စာချုပ်စတင်အသက်ဝင်ချိန်၌ ယူအေအီးဘက်မှ အကောက်ခွန်လိုင်းပေါင်း ၈၀% ကို သုညရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံဘက်မှ တင်ပို့လျက်ရှိသော ကုန်စည်များ၏ ၉၀% ခန့် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၏ ကုန်သွယ်ရေး ဗဟိုအချက်အချာကျမှုအရ ယခုသဘောတူညီချက်သည် အာဖရိကဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပဒေသများသို့ အိန္ဒိယပို့ကုန်များ၏ ဈေးကွက်ဝင်ရောက်မှုကိုလည်း အထောက်အပံ့ပြုမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါ CEPA သဘောတူညီချက်တွင် မည်သည့်ကုန်စည်အမျိုးအမည်ကိုမဆို ရုတ်တရက် သွင်းကုန်ပမာဏ မြင့်တက်ခြင်းအား ကိုင်တွယ်ဖြေရှင်းရန်အတွက် နှစ်နိုင်ငံအမြဲတမ်း အကာအကွယ်ပေးရေးစနစ်ကို ထည့်သွင်းထားကြောင်း၊ ထို့အပြင် ပို့ကုန်၏ ပင်ရင်းဒေသစည်းမျဉ်းနှင့်ပတ်သက်၍ သာမန်အားဖြင့် တင်ပို့သည့်နိုင်ငံမှ ထပ်ဆင့်တန်ဖိုးမြှင့်ပါဝင်မှုမှာ ၃၀% မှ ၃၅% အထိသာ သတ်မှတ်လေ့ရှိသော် လည်း ယခုစာချုပ်၌ ၄၀% ရှိရမည်ဟု သဘောတူသတ်မှတ်ထားကြောင်း၊ သို့ရာတွင် အချို့သော တန်ဖိုးမြင့်မားသည့် ကုန်စည်များကိုမူ ထိုကဲ့သို့ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ လိုအပ်ချက်၌ ပါဝင်ခြင်းမရှိစေပဲ ချန်လှပ်ထားရှိကြောင်း သိရှိရသည်။

ယခုလက်မှတ်ရေးထိုးခဲ့သော ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်အား စတင် အကောင်အထည်ဖော်ချိန်တွင် အိန္ဒိယဘက်မှ အကောက်ခွန်လိုင်းများ၏ ၆၅% ကို သွင်းကုန်အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ ထို့အပြင် ယူအေအီးနိုင်ငံထံမှ ရွှေထည်ပစ္စည်း တင်သွင်းမှုအပေါ် ၁ နှစ်လျှင် တန်ချိန် ၂၀၀ အထိကို အကောက်ခွန် ၁% ဖြင့် နှစ်စဉ်ခွင့်ပြုမည်ဖြစ် ကြောင်း၊ ရှေ့လာမည့် ၅ နှစ်အတွင်း ယူအေအီးနိုင်ငံဘက်မှ အကောက်ခွန်လိုင်းပေါင်း ၉၇% ကို ဖယ်ရှားပေးမည်ဖြစ်ပြီး အိန္ဒိယဘက်ကမူ ၁၀ နှစ်အတွင်း အကောက်ခွန်လိုင်းပေါင်း ၉၀% အထိကို အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်း၊ သစ်သီးဝလံ နှင့်ဟင်းသီးဟင်းရွက်၊ နံ့စားသီးနှံများ၊ မော်တော်ယာဉ်နှင့် စက်အစိတ်အပိုင်းများ၊ ကျောက်မီးသွေး၊ ဆိုးဆေး၊ ဆပ်ပြာ၊ ပြုပြင်ပြီးအစားအစာ၊ ကလေးကစားစရာ၊ သဘာဝရော်ဘာ၊ မော်တော်ယာဉ် တာယာ၊ ခြေနင်းအသုံးအဆောင်၊ ပလတ်စတစ်ကုန်ချော၊ ဆေးပစ္စည်းကိရိယာနှင့် ကြေးနီ စသည် တို့ အပါအဝင် အခွန်လိုင်းပေါင်း ၁၀% ကို ပြည်တွင်းစီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုမှ ကာကွယ်ရန်အတွက် ထိခိုက်လွယ်သည့် ကုန်စည်များအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အတွင်းဝန် Mr. B V R Subrahmanyam က ၁၉-၂-၂၀၂၂ နေ့၌ သတင်းထောက်များသို့ ပြောကြားပါသည်။

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် ဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များက ကြိုဆိုခဲ့ကြပြီး နိုင်ငံ၏ပို့ကုန်မြှင့်တင်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။ အိန္ဒိယနိုင်ငံ အထည်အလိပ် ပို့ကုန်မြှင့်တင်ရေးကောင်စီ (AEPC) ၏ ဥက္ကဋ္ဌဖြစ်သူ Mr.

Narendra Goenka က ယူအေအီးနိုင်ငံ၏ အထည်အလိပ်တင်သွင်းမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၁၇ သန်း အနက် အိန္ဒိယမှတင်ပို့မှုသည် ဒေါ်လာ ၁၅၁၅ သန်းဖြင့် ၄၃% အထိ ပါဝင်လျက်ရှိကြောင်း၊ ယခု သဘောတူစာချုပ်အရ အိန္ဒိယ၏ အသင့်ချုပ်ပြီး အဝတ်အထည်များအား ယူအေအီးသို့ တင်ပို့ရာတွင် သွင်းကုန်အခွန် ၅% သက်သာမှုရရှိတော့မည်ဖြစ်ရာ ၎င်းဈေးကွက်၌ အိန္ဒိယထုတ်ကုန်များ၏ နေရာယူလွှမ်းမိုးမှုကို ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆော်ဒီအာရေဘီးယား၊ ကူဝိတ်၊ ဘာရိန်း၊ အိုမန်နှင့် ဗြိတိန်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကိုလည်း ယူအေအီးသို့ တင်ပို့မှုမှတစ်ဆင့် ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ လက်ရှိကာလ၌ ယူအေအီး အထည်အလိပ် ဈေးကွက်သို့ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အထည်ချုပ်လုပ်ငန်းများသည် အကောက်ခွန်သုညရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ရရှိထားရာ CEPA သဘောတူညီချက် စတင်သက်ရောက်ချိန်၌ အိန္ဒိယလုပ်ငန်းရှင်များ၏ အဆိုပါနိုင်ငံများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုမှာ ခိုင်မာအားကောင်းလာမည်ဖြစ်ပါသည်။

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ် (FIEO) ၏ ဥက္ကဋ္ဌ Mr. A Sakthivel ကလည်း ယူအေအီးနိုင်ငံတွင် အိန္ဒိယ နွယ်ဖွားများ များစွာနေထိုင်လျက်ရှိမှုနှင့်အတူ ၎င်းဈေးကွက်၌ အိန္ဒိယနိုင်ငံထွက် ကောက်ပဲသီးနှံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်အစရှိသော လယ်ယာထွက်ကုန်များအား ပမာဏအများအပြား စားသုံးမှုရှိရာ ယခုနှစ်နိုင်ငံသဘောတူစာချုပ်က လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အိန္ဒိယလယ်ယာနှင့် ပြုပြင်ပြီး စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍတို့ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာမှု၊ သယ်ယူပို့ဆောင်မှုနှင့် အိုင်တီနည်းပညာနှင့် အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အိန္ဒိယကုမ္ပဏီများ၏ ယူအေအီးဈေးကွက်၌ ဝန်ဆောင်မှုများသည်လည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

လက်ရှိကာလ၌ အိန္ဒိယနိုင်ငံသည် ပလတ်စတစ်ကုန်ကြမ်းများအား အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် နှစ်စဉ်တင်သွင်းလျက်ရှိရာ ယူအေအီးထံမှ ဝယ်ယူတင်သွင်းမှုမှာ ဒေါ်လာသန်း ၈၀၀ ခန့် ရှိကြောင်း၊ CEPA စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းက အိန္ဒိယ၏ ပလတ်စတစ်အခြေခံလုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင် ၂ သိန်းခန့် ဖန်တီးမှုနှင့်အတူ နှစ်နိုင်ငံအကြား ပလတ်စတစ်ပစ္စည်းကုန်သွယ်မှုကို အဆများစွာ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများအား ဈေးနှုန်းသက်သာစွာရရှိစေခြင်းက အထူးသဖြင့် အိန္ဒိယ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအတွက် ဈေးကွက်ဝင်ရောက်နိုင်စွမ်းမြှင့်တင်လျက် အကျိုးခံစားရရှိစေမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ပလတ်စတစ်ကုန်ချောထုတ်ကုန်များအား ယူအေအီးဈေးကွက်သို့ အကောက်ခွန်သက်သာစွာ တင်ပို့နိုင်မှုမှတစ်ဆင့် WANA region ခေါ် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် လွတ်လပ်သော ဓနသဟာယအဖွဲ့နိုင်ငံများရှိ ဈေးကွက်များသို့လည်း တိုးချဲ့ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ရှေ့လာမည့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ခန့်တွင် အိန္ဒိယ၏ပလတ်စတစ်ပစ္စည်း ပြည်ပတင်ပို့မှုသည် ၃၀၀% ခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းရကြောင်းဖြင့် အိန္ဒိယပလတ်စတစ်ပို့ကုန်မြှင့်တင်ရေးကောင်စီမှ ဥက္ကဋ္ဌ Mr. Arvind Goenka က ပြောကြားပါသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) သည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ နောက်တွင် အိန္ဒိယ၏ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ရေနံထွက်ကုန်များ အဓိကဝယ်ယူတင်သွင်းရာ နိုင်ငံလည်းဖြစ်ပါသည်။ အိန္ဒိယနှင့် ယူအေအီး နှစ်နိုင်ငံကုန်သွယ်မှုမှာ Covid-19 ကပ်ရောဂါမတိုင်မီ ၂၀၁၉-၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံခန့်ရှိပြီး ၂၀၂၀-၂၁ ခုနှစ်တွင်မှ ဒေါ်လာ ၄၃ ဘီလီယံသို့ ကျဆင်းခဲ့ပါသည်။ သို့ရာတွင် စီးပွားရေးအခြေအနေ ပြန် လည်နာလန်ထူထောင်မှုရှိလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်လည်း ပြန်လည်တိုးတက်လာခဲ့ရာ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်၌ ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံကျော် ရရှိထားပြီဖြစ်ပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ အဆိုပါကာလအတွင်း ယူအေအီးနိုင်ငံနှင့်ကုန်သွယ်မှုမှာ ပို့ကုန်၌ အမေရိကန်ဒေါ်လာ ၂၀.၀၅ ဘီလီယံနှင့် သွင်းကုန်တွင် အမေရိကန် ဒေါ်လာ ၃၂.၇၁ ဘီလီယံရှိကြောင်း တွေ့ရှိရ ပါသည်။

နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သော ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက်အား စတင်အကောင်အထည်ဖော်ဆောင်နိုင်ရေး ယူအေအီးနိုင်ငံဘက်၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာလုပ်ငန်းရပ်များကို ဆောင်ရွက်ရန်ကျန်ရှိနေပြီး ရက်ပေါင်း ၆၀ အတွင်း ပြီးစီးဖွယ်ရာရှိပါသည်။ ANI သတင်းဌာန၏ မေးမြန်းချက်အပေါ် အဆိုပါ CEPA သဘောတူညီချက်သည် ရှေ့လာမည့် မေလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်နိုင်ဖွယ်ရှိသည်ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်က ဖြေကြားခဲ့ကြောင်းသိရှိရပါသည်။

Source: 1. India and UAE sign the historic CEPA aimed at boosting goods trade to US$ 100 billion over next five years, 18-2-2022, Press Information Bureau of India
2. India UAE CEPA ushers in a new dawn, will create a minimum of 10 lakh jobs for Indian citizens, 19-2-2022, Press Information Bureau of India
3. India-UAE CEPA: Import duties on 90 per cent of Indian products to be immediately eliminated, 19-2-2022, The Hindu Business Line
4. India-UAE trade pact to boost apparel exports, employment, say exporters, 19-2-2022, Economic Times
5. India-UAE trade pact CEPA may come into effect from May 1, says Piyush Goyal, 19-2-2022, Business Today

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (22.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 778 | 6,379,600 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 157 | 471,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 16 | 41,750 | 12,823,224 | 33,340 |
| EFR | 00006 | 2,950 | +100 | +3.51% | 2,850 | 2,950 | 2,850 | 41 | 120,850 | 19,977,223 | 58,933 |
| AMATA | 00007 | 5,200 | +0 | +0.00% | 5,200 | 5,200 | 5,200 | 40 | 208,000 | 10,497,598 | 54,588 |

### Market summary

As of 22nd Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.45 | +0.78 | +0.20% | 381.67 | 382.82 | 381.67 | 1,032 | 7,221,200 | 7 | 665,324 |

**Index chart**




### Market Overview

**Main Board**

As of 1:00 pm, 22nd Feb. 2022

| MYANPIX | 382.45 ▲ 0.78 |
|---|---|
| Total Volume (shares) | 1,032 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,324 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,950 | ▲ 100 |
| AMATA | 00007 | 5,200 | ▲ 0 |

TIR